# "ဆာလံ ၂၃"
# Psalm 23

၁. ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။

၂. စိမ်းလမ်းသောကျက်စားရာ အရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသော မြစ်နားသို့ လမ်းပြ
တော်မူ၏။

၃. ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အဘို့အလိုငှါ၊ တရားလမ်းထဲ၌ သွေးဆောင်တော်မူခြင်း။

၄. အကယ်၍ သေမင်း၏ အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ ရှောက်သွားရသော်လည်း ဘေးအန္တရာယ်
ကို မကြောက်ပါ။ အကြောင်းမူကား ၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍၊
လှံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။

၅. အကျွန်ုပ်၏ ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကို ခင်းတော်မူ၏။
အကျွန်ုပ် ခေါင်းကိုဆီနှင့် လိမ်းတော်မူ၏ ။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။

၆. အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူး နှင့် ကရုဏာကို တသက်လုံးခံစား၍ ၊ ထာဝရဘုရား၏
အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်။